## မြန်မာနိုင်ငံရှိ ကျေးရွာပေါင်း ၄၇၀၀ တွင် လူထု ဗဟိုပြု ဖွံ့ဖြိုးရေးစီမံကိန်းများ စတင်လုပ်ဆောင်နေ

- လူထုဗဟိုပြု ဖွံ့ဖြိုးရေး အမျိုးသား စီမံကိန်းသည် ရပ်ရွာလူထုများ အတွက် လိုအပ်လျက်ရှိသော စီမံကိန်းများကို ၎င်းတို့ ကိုယ်တိုင် ရွေးချယ် ဖော်ထုတ်ပြီး အကောင်အထည်ဖော်နိုင်ရန်အတွက် ကူညီပေးလျက်ရှိသည့် စီမံကိန်းတစ်ခု ဖြစ်ပါသည်။
- လက်ရှိတွင် မြန်မာနိုင်ငံအတွင်းရှိ ကျေးရွာပေါင်း ၄၇၀၀ ကျော်တွင် စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်ရှိ ဝေးလံခေါင်ဖျားသည့် ကျေးရွာများလည်း ပါဝင်သည်။
- လာမည့် နှစ်နှစ်အတွင်း မြို့နယ်ပေါင်း ၁၅ မြို့နယ်ရှိ ကျေးရွာပေါင်း ၃၀၀၀ ကျော်တွင် လုပ်ငန်းများကို တိုးချဲ့ ဆောင်ရွက်သွားနိုင်ရန် စီစဉ်လျက်ရှိသည်။

**မြန်မာနိုင်ငံ၊ ရန်ကုန်** -- မနန်းဦးသည် ရှမ်းပြည်နယ်၊ နမ့်ဆမ်မြို့နယ်က မူလတန်းပြဆရာမလေး တစ်ဦးဖြစ်သည်။ သစ်သားကျောင်းဆောင်ကလေးအနီးတွင် ရပ်လျက် ကျောင်းခြံစည်းရိုးဆောက်နေသည့် အကြောင်းကို မနန်းဦးက ပြောပြနေပါသည်။

"ကျမတို့ရွာမှာ ဆောင်ရွက်မယ့် စီမံကိန်းကို ရွေးချယ်ဖို့အတွက် ဆွေးနွေးပွဲ သုံးကြိမ်တက်ခဲ့တယ်။ နောက်ဆုံးတော့ ကျောင်းခြံစည်းရိုး ဆောက်ဖို့စီမံကိန်းကို ကျွန်မတို့ သဘောတူခဲ့ကြတယ်။ ကျွန်မတို့ကျောင်းက ကားတွေ၊ ဆိုင်ကယ်တွေ ဖြတ်သွားတဲ့ လမ်းဘေးမှာရှိပေမယ့် ခြံစည်းရိုးမရှိဘူး။ ဒီတော့ ဆော့ကစားနေတဲ့ ကလေးတွေအတွက် အန္တရာယ်များတယ်လေ" ဟု မနန်းဦးက ပြောပါသည်။

"ဒီစီမံကိန်းအတွက် အစည်းအဝေးအားလုံးကို ကျွန်မတို့ ပါဝင်တက်ရောက်ခဲ့တာကြောင့် ခြံစည်းရိုး ဆောက်လုပ်တဲ့ လုပ်ငန်းက အောင်အောင်မြင်မြင်နဲ့ ပြီးစီးသွားမယ်လို့ ယုံကြည့်ပါတယ်" ဟု ပြောသည်။

## မြန်မာနိုင်ငံ လူထုဗဟိုပြု အမျိုးသား ဖွံ့ဖြိုးရေး စီမံကိန်း တိုးတက်မှု အခြေအနေ

မြန်မာနိုင်ငံ လူထုဗဟိုပြု အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းက မနန်းဦး ကဲ့သို့ ကျေးရွာသူ ကျေးရွာသားများအား လမ်း၊ တံတားများ၊ ရေသွင်းစနစ်များ၊ စာသင်ကျောင်းများ၊ ကျန်းမာရေး ဆေးပေးခန်းများ နှင့် ဈေး အဆောက်အဦး ကဲ့သို့သော ၎င်းတို့အတွက် အရေးကြီးသည့် အရာများအား သတ်မှတ် ထုတ်ဖော်ကာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကူညီပေးပါသည်။

ဖွံ့ဖြိုးဆဲ နိုင်ငံများအတွက် ကမ္ဘာ့ဘဏ်၏ ရန်ပုံငွေ အဖြစ် ၂၀၁၂ ခုနှစ် နိုဝင်ဘာလက ခွင့်ပြုခဲ့သည့် IDA အထောက်အပံ့ ဒေါ်လာ သန်း ၈၀ ကိုအသုံးပြုကာ မြို့နယ်ပေါင်း ၁၅ မြို့နယ်ရှိ ကျေးလက်လူထုအား ကူညီနိုင်ရန် ခြောက်နှစ် စီမံကိန်းအဖြစ် ဆောင်ရွက်မည်ဖြစ်သည်။

၂၀၁၄ ခုနှစ် မတ်လတွင် ပထမနှစ်အတွက် မြို့နယ် ၃ မြို့နယ်တွင် လုပ်ငန်းများ ဆောင်ရွက်ကာ စီမံကိန်းကို စတင်ခဲ့ပါသည်။ ရပ်ရွာလူထုများနှင့် အကြံဉာဏ် ရယူသည့် ဆွေးနွေးမှုများပြုလုပ်ခြင်း၊ ကျေးရွာ ဖွံ့ဖြိုးရေး ကော်မတီများ ဖွဲ့စည်းခြင်းနှင့် လုပ်အားပေးများဆောင်ရွက်မည့်သူများကို စုစည်းခြင်း၊ စီမံကိန်းများ ဖော်ထုတ်ကာ အတည်ပြုခြင်းနှင့် စီမံကိန်းများအား စတင်အကောင်အထည် ဖော်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

**အင်အားနည်းသည့် အုပ်စုများနှင့် တိုင်းရင်းသား လူမျိုးများ ပါဝင်မှုကို သေချာအောင် ဆောင်ရွက်ခြင်း**

အသက် ၆၂ နှစ်အရွယ် ဦးစိန်လှိုင်သည် ရှမ်းပြည်နယ် နမ့်ဆန်မြို့နယ်တွင် ရှိသည့် ဘုရားကြီး ကျေးရွာမှ တိုင်းရင်းဆေးဆရာ တစ်ဦးဖြစ်သည်။

"စီမံကိန်း တစ်ခုကို အထက်လူကြီးတွေက ညွှန်ကြားတာမဟုတ်ဘဲ အောက်ခြေအဆင့် ရပ်ရွာလူထုက ကိုယ်တိုင် ဆုံးဖြတ်၊ ကိုယ်တိုင် ရွေးချယ်ပြီး လုပ်ကိုင်ခွင့်ရတာကို ကျွန်တော့် ဘဝမှာ ပထမဦးဆုံး ကြုံတွေ့ရတာပါပဲ" ဟု ပြောသည်။

"ကျွန်တော်တို့ ရွာအတွက်တော့ ရေရရှိရေးကို ဆောင်ရွက်ဖို့ ရွေးခဲ့ပါတယ်။ ရေက ကျွန်တော်တို့ ရွာအတွက် အရေးကြီးပြီး လူတိုင်းကလည်း အဲဒါကို ဆောင်ရွက်ဖို့ သဘောတူကြတယ်လေ"

"စီမံကိန်းက သိပ်ကို ဒီမိုကရေစီကျတယ်လို့ ဆိုရမယ်။ ရွာရဲ့ လိုအပ်ချက်အရ ဘာကို ရွေးချယ်ပြီး အကောင်အထည်ဖော် သင့်တယ်ဆိုတာ အမျိုးသားတွေရော အမျိုးသမီးတွေပါ အားလုံးပါဝင်ပြီး ကိုယ့်ရဲ့ အမြင်တွေကို ဖော်ထုတ်ခွင့်ပေးထားတယ်" ဟုဆိုပါသည်။

ထိုစီမံကိန်းက ဆုံးဖြတ်ချက်ချရာတွင် အမျိုးသမီးများ၏ အကြံဉာဏ်နှင့် အမြင်များကိုလည်း ညီတူညီမျှ ထည့်သွင်းစဉ်းစားရန် အလေးအနက်ထား ဆောင်ရွက်သည်။ အင်အားနည်းသည့် အုပ်စုများနှင့် တိုင်းရင်းသား လူမျိုးများ အပြည့်အဝ ပါဝင်ရေး သေချာစေရန်အတွက် ရပ်ရွာလူထုနှင့် တိုက်ရိုက်ဆက်သွယ်လုပ်ကိုင်သည့် စီမံကိန်း ဝန်ထမ်းများအား ဒေသခံ တိုင်းရင်းသားများကို ရွေးချယ် တာဝန်ပေးသည်။ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် ရေးဆွဲရာတွင် သတင်းအချက်အလက်များ ပြည့်ပြည့်စုံစုံ သိရှိပြီး လွတ်လွတ်လပ်လပ် ဆွေးနွေးညှိနှိုင်းကာ ရေးဆွဲစေသည်။ ရပ်ရွာအဆင့် ဆုံးဖြတ်ချက်များ ချမှတ်ရာတွင်လည်းကောင်း၊ လုပ်ငန်းများ ကြီးကြပ်မှုနှင့် အကဲဖြတ် ဆောင်ရွက်ရာတွင် လည်းကောင်း လူနည်းစု တိုင်းရင်းသားများကို ပါဝင်စေသည်။ ထို့အပြင် ဒေသခံ တိုင်းရင်းသား ဘာသာစကားဖြင့် ဆက်သွယ်ဆောင်ရွက်စေပါသည်။

"လူထုဗဟိုပြု အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း က နိုင်ငံတော် သမ္မတ ဦးသိန်းစိန်ရဲ့ မြန်မာနိုင်ငံအတွင်း ပြည်သူ လူထုကို ဗဟိုပြုသည့် ဖွံ့ဖြိုးတိုးတက်ရေးများကို ဆောင်ရွက်ရန်ဟူသည့် ရည်မှန်းချက်နဲ့ ကိုက်ညီနေပါတယ်။ နိုင်ငံတော် အစိုးရ အနေနဲ့ ကျေးလက်ဒေသမှာ ရှိတဲ့ ရပ်ရွာလူထုတွေအတွက် ထင်ရှားတဲ့ အပြောင်းအလဲ တစ်ခုကို ဆောင်ရွက်နိုင်တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ ယခင်က ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းတွေ မရရှိနိုင်တဲ့ ဝေးလံတဲ့ ကျေးလက် ဒေသတွေက အခြေခံ လူတန်းစားတွေအနေနဲ့ အကျိုးခံစားခွင့်တွေ ရရှိနိုင်တော့မှာ ဖြစ်တယ်" ဟု ကမ္ဘာ့ဘဏ် မြန်မာနိုင်ငံဆိုင်ရာ ဌာနေမန်နေဂျာ **ခန်သန့်ရှုန်ကာ** ကပြောသည်။

လူထု ဗဟိုပြု အမျိုးသား ဖွံ့ဖြိုးရေး စီမံကိန်းသည် ၂၅ နှစ်အတွင်း မြန်မာနိုင်ငံထဲ၌ ကမ္ဘာ့ဘဏ်၏ ပထမဆုံးသော စီမံကိန်းဖြစ်သည်။ လူထုအခြေပြု ဖွံ့ဖြိုးရေး ပထမ ခြေလှမ်းသည် ရပ်ရွာလူထု အသိုက်အဝန်းအတွက် အရေးကြီးသည့် အသေးစား အခြေခံ အဆောက်အအုံများ (ကျောင်းများ ပြုပြင်ခြင်း၊ ရေတွင်းများတူးခြင်း အစရှိသဖြင့်) အား ပံ့ပိုးပေးခြင်းဖြင့် ကျေးလက်ဒေသ ဆင်းရဲမှုတိုက်ဖျက်ရေးအတွက် ထိရောက်ပြီး ကုန်ကျစရိတ် သက်သာသည့် နည်းလမ်းများ ဖြစ်သည်ဟု ကမ္ဘာ့ဘဏ်က ယူဆထားသည်။